ဇော်မင်းအောင်

# အိမ်ကိုစွဲ၍ မကျွတ်လွတ်သူနှင့်



ဖြစ် ရပ် ဆန်း ကြယ် ဝ တ္ထု တို များ

# အပမှီခြင်း ဖြစ်ရပ်မှန်

စာရေးသူ လူပိုျပေါက်စ အရွယ်လောက်တုန်းက မိမိအိမ်အနီးဝန်းကျင် သုံးလေးငါးခြံ အကျော်လောက်ရှိ ဘာသာခြားများ အိမ်တွင် ဖြစ်ပျက်ခဲ့ဖူးသော ထိတ်လန့်ဖွယ်ရာ ဇာတ်လမ်းလေး တစ်ခုအား ပြန်လည်တင်ပြလိုပါသည် ။ ယုံချင်ယုံ မယုံချင်နေ ဤကမ္ဘာလောကကြီးတွင် ယနေ့ လောကဓာတ်ပညာဖြင့် လက်လှမ်း မမီနိုင်သော အဆန်းတကြယ် အဖြစ်အပျက်ပေါင်း မြောက်မြားစွာ နေ့စဉ်နှင့်အမျှ ဒုနဲ့ ဒေးဆိုသလို ပေါ်ပေါက်လျက် ရှိနေကြရာ အဆိုပါ ထူးထွေဆန်းပြား ဖြစ်ရပ်မှန်သမျှအား တတ်စွမ်းနိုင်သမျှ မှတ်တမ်း ပြုစုရမည်မှာ ကျွန်တော်တို့လို ဖြစ်ရပ်ဆန်းကြယ် စာရေးသူများ ၏ ဝတ္တရား၊ တာဝန် အမှန်ပင် ဖြစ်ချေသည် ။ ထိုသို့ စိတ်ဝင်စားဖွယ်ရာ သဘာဝလွန် ဖြစ်ရပ်ဆန်းများကို ရှာဖွေ၊ လေ့လာ၊ ရေးသား၊ တင်ပြရာ၌ မိမိတို့ သည် ၎င်းဇာတ်လမ်းများကို စာဖတ် ပရိသတ်များ ထံ ပကတိအမှန်တိုင်း ချပြနိုင်ရန် အတွက် မျက်မြင်ဒိဋ္ဌ ကြုံတွေ့ခဲ့ရသူများအား အလျင်ဦးစွာ လူချင်း တွေ့ဆုံ ဆွေးနွေးကာ နှိုက်နှိုက်ချွတ်ချွတ် မေးမြန်း စူးစမ်းကြရပေ၏။ အကြောင်းမှာ သူတို့၏ ကိုယ်တွေ့ဆိုသည် မှာ အမှန်တကယ် ကြုံတွေ့ခဲ့ကြရခြင်းလော၊ လုပ်ကြံ လီဆယ် နေကြခြင်းလော သိရှိနိုင်ရန်အတွက် ဤသို့ အကြိမ်ကြိမ် အလီလီ စူးစမ်း မေးမြန်းရခြင်း ဖြစ်ပြီး၊ ထိုမှ တဆင့် ဖြစ်ရပ်မှန်ဟု စိတ်ချရပြီဆိုပါမှ မှတ်တမ်း ပြုစုထားသမျှ ဟိုတစ်စ ဒီတစ်စ အကြမ်းထည်

များအား တစ်စု တစ်စည်း အချောထည်အဖြစ် ပြီးပြည့်စုံစွာ ရုပ်လုံးသွင်းလျက် စာရှုသူများ ထံသို့ အရောက်ကမ်းကာ ပြန်လည် တင်ပြရခြင်း ဖြစ်လေသည် ။

ယခု ရေးသား ဖော်ပြလတ္တံ့သော ဤဖြစ်ရပ်သည် ကျွန်တော့်ကိုယ်၌ ခရေစေ့တွင်းကျ လေ့လာခဲ့ရသော ကိစ္စတစ်ခု ဖြစ်သည့်အပြင် အခင်းဖြစ်ပွား ချိန်များ တွင် လည်း ကာယကံရှင်များ နှင့် ကျွန်တော့်မှာ အိမ်နီးနားချင်း ဖြစ်သဖြင့် ကိုယ်တိုင် မျက်မြင်ဒိဋ္ဌ ကြုံတွေ့ ခံစား သိမြင်ခဲ့ရခြင်းများ ကိုပါ ထည့်သွင်း ရောပြွန်းကာ ပြန်လည် တင်ပြခြင်း ဖြစ်ကြောင်း စာရှုသူမှ သိရပါလျှင် ယုံမှား သံသယပွားစရာ အကြောင်း မရှိနိုင်ပေ။ ထို့ကြောင့် ထိတ်လန့် ချောက်ချား ဖွယ်ရာနှင့် ထူးခြားဆန်းကြယ်လှသော အဖြစ်အပျက်များ ပါဝင်သည့် ယခုဇာတ်လမ်းအား 'အပမှီခြင်း ဖြစ်ရပ်မှန်' ဟု ခေါင်းစဉ်တပ်ကာ စာရှုသူများ ထံ အရောက် ကမ်းလိုက် ရချေသည် ။

***

စာရေးသူတို့ ၏ ရပ်ကွက်သည် အိမ်ခြေ (၃၇၀) ကျော်ခန့် ရှိသော ရန်ကုန်၊ ဗဟန်းမြို့နယ် အတွင်းရှိ ရပ်ကွက်ကြီးတစ်ခု ဖြစ်ပြီး မြို့လယ်ကောင်၏ အချက်အချာကျသော နေရာတစ်ခုတွင် တည်ရှိခြင်းလည်း ဖြစ်သောကြောင့် သွားရေးလာရေးမှာ များ စွာ လွယ်ကူလှသဖြင့် လူတန်းစားမရွေး နေပျော် မွေ့လျော်လွန်းသော ရပ်ကွက်လေး တစ်ခုလည်း ဖြစ်ပါသည် ။ ထိုကျွန်တော်တို့ ရပ်ကွက်မှာ ချိုင့်ဝှမ်းကြီး တစ်ခုတွင် သစ်ပင်ပန်းမာန်များ နှင့် အေးချမ်း စိမ်းလန်းစွာဖြင့် တည်ရှိနေပြီး တိုက်အိမ်၊

အုတ်ပတ်ကာအိမ်၊ ပျဉ်ထောင်အိမ်များ ကလည်း လမ်းကြိုလမ်းကြား၊ လမ်းလယ်လမ်းသွယ် အသီးသီးတို့ တွင် နေရာလပ်မကျန် တည်ရှိနေပါသည် ။

ဤနေရာ၌ အဓိကထားကာ တစ်ခု ရှင်းပြလိုသည် မှာ ထိုနေအိမ် ခြံဝင်းများမှ အသုံးပြုပြီးသား ရေဆိုး အညစ်အကြေးများ စွန့်ထုတ်ရာ မြောင်းသေး မြောင်းမွှား များ စွာသည် မြင့်ရာက နိမ့်ရာဆီ ဖြတ်သန်းစီးဆင်းလျက် ရှိသော ရေမြောင်းကြီး တစ်ခုဆီသို့ သွားရောက်ဆုံစည်းကြပြီး၊ ယင်းရေမြောင်းကြီးမှာ ထိုမှ တစ်ဖန် ရပ်ကွက်အတွင်းမှ ထွက်၍ ရပ်ကွက်နှင့် ကပ်လျက်ရှိသော သင်္ချိုင်းဟောင်းကြီး တစ်ခုဆီ ထပ်မံ ဖြတ်သန်း စီးဆင်း သွားပါသည် ။ ထိုရေမြောင်း အကြောင်းအား ယခုလို တင်ကြို ဖော်ပြရခြင်း အကြောင်းအရင်းမှာ ကား နောင်တွင် ဆက်လက် တင်ပြတော့မည့် အဖြစ်အပျက်များမှာ ၎င်းရေမြောင်းကြီးနှင့် များ စွာ ပတ်သက် ဆက်နွယ် နေသောကြောင့် ဖြစ်ချေ၏။ အဘယ်ကြောင့် ဆိုသော် ...

ကျွန်တော်တို့ နေအိမ်၏ အရှေ့ဘက် အိမ်တန်းများ ထဲတွင် အိမ်ငါးအိမ် ခြောက်အိမ်ခန့်မှာ ကျောပေးလျက်သား အနေအထား တည်ရှိနေပြီး ထိုအိမ်တန်း၏ ညာဘက် အစွန်ဆုံးထောင့်တွင် ဘာသာခြား နေအိမ်တစ်အိမ် တည်ရှိပါသည် ။ ထိုအိမ်နီးချင်း ဘာသာခြား မိသားစုမှာ ကျွန်တော်တို့ ငယ်ရွယ်စဉ် ကတည်းက ရပ်ကွက်အတွင်း နေထိုင်လာကြသူများ ဖြစ်ပြီး၊ သူတို့ ထဲတွင် ကျွန်တော်နှင့် လည်ပင်းဖက် ပေါင်းသင်း လာကြသူ သူငယ်ချင်း တစ်ဦးလည်း ရှိသောကြောင့် သူတို့ အိမ်အကြောင်းအား မိမိအနေဖြင့် အတော်အတန် သိရှိထားပါသည် ။ ဆိုရသော် သူတို့ သည် အုတ်ပတ်ကာနှင့် ပျဉ်ထောင် နှစ်ထပ် တွဲဆက် ဆောက်လုပ် ထားသည့် နေအိမ် တစ်အိမ်တည်းတွင်

တစ်မိသားစုတည်း နေထိုင်ခြင်း မဟုတ်ဘဲ အလုပ်ကိစ္စဖြင့် ဆွေမျိုး အချို့ကိုပါ ခေါ်တင်ကာ စုစည်း နေထိုင်ကြခြင်း ဖြစ်ပြီး၊ အဆိုပါ အလုပ် ကိစ္စ ဆိုသည် မှာ ကား ကြက်ကင် ရောင်းချခြင်း ဟူသော မိသားစု စီးပွားလုပ်ငန်းတစ်ခု ဖြစ်၏။

သူတို့ မိသားစုသည် အထက်ပါ ကြက်ကင် ရောင်းချခြင်း လုပ်ငန်း အား ကျွန်တော် ငယ်ရွယ်စဉ် ကတည်းက အစဉ်အဆက် လုပ်ကိုင်ခဲ့ကြခြင်း ဖြစ်ပြီး၊ ယခုထက်တိုင် အထိလည်း ဆက်လက် လုပ် ကိုင်နေကြစမြဲပင် ဖြစ်သည့်အပြင် သူတို့ ၏ ကြက်ကင်များ သည် ထူး ကဲလွန်းသော အနံ့၊ အရသာများ ရှိ၍ ရောင်းအားလည်း များ စွာ ကောင်းလှပေသည် ။ နေ့စဉ် မပျက်မကွက် သူတို့ မိသားစုဝင်များ ထဲမှ အရွယ်ရောက်ပြီး ယောကျ်ားလေးများ သည် တွန်းလှည်းကိုယ်စီ အသီး သီးဖြင့် ကြက်ကင်များကို တင်ကာ ဗဟန်းမြို့နယ် အပါအဝင် နီးစပ်ရာ မြို့နယ်များ သို့ တက်ညီလက်ညီ လှည့်လည် ရောင်းချလေ့ ရှိကာ ဆိုင် သိမ်းချိန်များ ရောက်ရှိခဲ့ပါမူ တွန်းလှည်းများ တွင် ကြက်ကင် တစ်ချော င်းမျှ မကျန်အောင် ရောင်းအား ကောင်းလှခြင်း ဖြစ်၏။

ထိုသို့ စီးပွား ဖြစ်ထွန်းလှသော်လည်း သူတို့ သည် ဒီထက် ပိုမို တွက်ခြေကိုက်သည့် တွဲဆက် အလုပ်တစ်ခု ဖြစ်သော ကြက်အရှင်များ ဝယ်ယူကာ နေအိမ်တွင် ကိုယ်တိုင်ကိုယ်ကျ သတ်ဖြတ်ခြင်း အလုပ်အား ယခင်က ပြုလုပ်ခဲ့ဖူးသော်လည်း ယခုအခါ လုံးဝ ပြုလုပ်ခြင်း မရှိတော့ ချေ။ အကြောင်းသည် ကား တစ်ချိန်က ကြက်ကင်များ အတွက် ကြက် အရှင်များ မှာ ယူ သတ်ဖြတ်ခဲ့ကြဖူးသော အခါတစ်ပါးတွင် ထိတ်လန့်ဖွ ယ်ရာ အဖြစ်အပျက်များမှာ အောက်တွင် ဖော်ပြတော့မည့်အတိုင်း သူတို့ နေအိမ်၌ ဖြစ်ပျက်ခဲ့ခြင်းကြောင့် ဖြစ်တော့သည် ။ စာရှုသူများ ယခုအခါ စိတ်ဝင်စားစ ပြုလာခဲ့ပြီ ဖြစ်သော ထိုသမိုင်းကြောင်းအား

လိုရင်းတိုရှင်း အစဆွဲလှန်ရပါလျှင်...

တစ်ရက်သောအခါ၏ ညနေပိုင်း တစ်ခုတွင် ထိုနေအိမ်မှ မိသားစုဝ င် တစ်ဦးဖြစ်သော ကျွန်တော်၏ သူငယ်ချင်းသည် သူ၏ မူလတန်းအရွ ယ် ညီမငယ်အား ကျောင်းမှ အိမ်သို့ ကြိုလာခဲ့ပြီးချိန်မှ စကာ ဤဇာတ် လမ်းက စခြင်း ဖြစ်သည် ။ ထိုအချိန်က အစ်ကိုဖြစ်သူနှင့် အတူ ပြန်လာ ခဲ့သော ကလေးမသည် အိမ်သို့ ရောက်ရောက်ချင်းပင် ကြက်အရှင်များ သတ်ဖြတ် ခုတ်ထစ်ရာ အနောက်ဖေး မီးဖိုချောင်မှ ဖြတ်ကာ အိမ်သာသို့ သွားခဲ့ပြီး ထိုမှ အပေ့ါအလေးကိစ္စ ပြီး၍ ပြန်ထွက်လာသောအခါ မည် သို့ ဖြစ်သည် မသိ၊ သူ၏ ဟန်အမူအရာများမှာ သူစိမ်းတစ်ဦးပမာ ပြော င်းလဲ သွားတော့၏။

အစပထမတွင် သာမန် နေမကောင်းသည့် သဏ္ဍာန် တမှိုင်မှိုင် တ တွေတွေ ပုံစံကြောင့် အမူအမှတ်မဲ့ သိပ်ပြီး သတိမထားမိ ကြသော်လည်း ညနေစောင်း နေဝင်လုအချိန် ရောက်သောအခါ ကလေး မမှာ မျက်ထောင့်နီကြီးများ ဖြင့် တစ်အိမ်လုံးအား လှည့်ပတ် ကြည့်ရှု လာခဲ့ပြီး၊ ဖနောင့်ဖြင့် ကြမ်းပြင်များကို ပေါက်ကာ တဝုန်းဝုန်း တဒိုင်းဒို င်း ပြုလုပ်လျက် သူ၏ ပါးစပ်မှ လည်း တဝူးဝူး တဝါးဝါး အသံကြီးများ ကျယ်လောင်စွာ အော်မြည် ထွက်ပေါ် လာခဲ့ပါသည် ။

ထိုအခါတွင် ဤသို့ မကြုံစဖူး အသွင်ထူးကြောင့် ဘာလုပ်၍ ဘာကို င်ရမည်မှန်း မသိကြသေးသော ကလေးမလေး၏ မိသားစုသည် ဆော က်တည်ရာမရ ပျာယာခတ် ကြရပါတော့သည် ။ ညနက်သည် အထိ က လေးမ၏ အပြုအမူများမှာ ထိုအတိုင်းသာ ဆက်သွားနေခဲ့သည့် အပြင် အခြေအနေများမှာ လည်း ဘာဖြစ်သည် မှန်း နားမလည်သည့် မိသားစု အကြား ပိုမို ဆိုးရွားလာခဲ့သလို ရှိခြင်းကြောင့် အမှောင့်ပယောဂမှန်း အ

တန်ငယ် ခန့်မှန်း တွက်ဆမိကြသော ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင် အိမ်နီးနားချင်း အချို့က ဒီအတိုင်း ထိုင်မနေနိုင်ကြတော့ဘဲ သွားရောက် ကြည့်ရှု လေ့လာ ကြရလေ၏။

အိမ်နီးချင်း အချို့နှင့် အတူ ကျွန်တော်ပါ ထိုနေအိမ်သို့ ရောက်သွားသောအခါ ဘာသာခြား မိသားစုမှာ သူတို့ ၏ မူမမှန်သော ကလေးမအား နေမကောင်းဖြစ်ကာ ဤသို့ ကယောင်ကတမ်း ဖြစ်ရသည် ဟု သာ သတ်မှတ်လျက် ရှိကြသဖြင့် ကိုးကွယ်မှုဆိုင်ရာ အယူဝါဒ မတူညီကြသူ ကျွန်တော်တို့ မှာ အနီကလေးမထံတွင် တစ်စုံတစ်ရာ ပူးကပ် နှောင့်ယှက် နေကြောင်း ရိပ်စားမိသော်ငြား အသိပေး ပြောကြားဖို့ ရန် ခပ်တွန့်တွန့် ဖြစ်သွားခဲ့ကြ ရသောကြောင့် ထိုနေ့ညက ဒီအတိုင်း တပ်ခေါက်သိမ်းကာ ပြန်လာခဲ့ကြပါသည် ။ မှတ်မှတ်ရရ ထိုနေ့ည (၁၂) နာရီခန့်ကျမှ ကလေးမထံမှ ဆူညံသံများ တဖြည်းဖြည်း ပျောက်ကွယ် သွားခဲ့၏။

နောက်တစ်ရက် မနက် ရောက်သောအခါ ကလေးမမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလျက် ရှိသောကြောင့် ဖျားနေသည် ဟု သတ်မှတ်ထားသော သူ၏ မိသားစုမှ ကျောင်းမပို့ကြတော့ဘဲ အိပ်ရာတွင် သာ ဒီအတိုင်းထားကာ မိမိတို့ လုပ်စရာ ကိုင်စရာ ရှိသည့် ကြက်အရှင်များ သတ်ဖြတ် ခုတ်ထစ်ခြင်း အလုပ်များအား အိမ်နောက်ဖေးတွင် သွေးသံရဲရဲ လုပ်ကိုင် နေကြလေသည် ။ ထိုကြက်သေကောင်များ ဆေးကြောရာမှ ထွက်ကျလာသော သွေးစသွေးနများ ၊ အညှီအဟောက်များ ကတော့ ရေဆိုးများ နှင့် အတူ သူတို့ ၏ အိမ်နောက်ဖေး ရေမြောင်းလေးမှ တစ်ဆင့် ရပ်ကွက်အတွင်းမှ ဖြတ်ကာ သင်္ချိုင်းဟောင်းကြီးထံ ပေါက်ရောက်စီးဆင်းသော ရေမြောင်းကြီးထံ အခန့်သား မျောပါသွားခဲ့၏။

နေဝင်ရီတရောအချိန် ညနေစောင်းအရောက် တစ်နေကုန် အိပ်စက်

ရာမှ မထခဲ့သော ကလေးမသည် ရုတ်တရက် နိုးထလာခဲ့ကြောင်း ဆိုင် မသွားဘဲ အိမ်တွင် ကျန်ရစ်ခဲ့သူ အချို့က တွေ့မြင် ကြရသောကြောင့် နေကောင်း မကောင်း မေးမြန်းကြည့်ကြရာတွင် ကလေးမသည် ဘာတစ်ခွန်းမျှ ပြန်မဖြေဘဲ တမြန်နေ့ညကအတိုင်း မျက်ထောင့်နီကြီးများ ဖြင့် ပြန်ကြည့်ကာ နောက်ဖေးမီးဖိုချောင်ထဲ ဝင်သွားခဲ့လေသည် ။ ထိုသို့ မီးဖိုချောင်ထဲ ကလေးမ ဝင်ရောက်သွားခဲ့ပြီး အချိန်အတန် ကြာသည် အထိ ပြန်ထွက်မလာဘဲ ရှိသောကြောင့် အိမ်သား တစ်ယောက်မှ မသိမသာ သွားရောက် ချောင်းကြည့်မိလေလျှင် ကလေးမသည် ကြောင်အိမ်ထဲမှ ထမင်းဟင်းများအား အိုးစွပ်ခွက်စွပ် ပလုတ်ပလောင်း တနင့်တပိုး စားသုံးလျက် ရှိကြောင်း တွေ့ရှိလိုက်ရချေ၏။ သို့သော် တစ်နေကုန် အိပ်စက်ကာ ဘာမျှ မစားမသောက် ထားသောကြောင့် ကလေးမခမျာ ယခု နိုးခါမှ အလွန်တရာ ဆာလောင်ကာ ထိုသို့ ဖြစ်ရသည် ဟု ယူဆကာ ဒီအတိုင်း နေလိုက်ကြပါသည် ။ ခဏအကြာတွင် ကလေးမမှာ မီးဖိုချောင်မှ ပြန်ထွက်လာခဲ့ပြီး သူ၏ အိပ်ခန်းအတွင်းသို့ ပြန်ဝင်သွားလေ၏။

ည (၁၀) နာရီကျော်ခန့်တွင် ကြက်ကင် အရောင်း ထွက်ကြသူများ တွန်းလှည်း ကိုယ်စီများ ဖြင့် နေအိမ်သို့ ပြန်လာကြ၍ ခြေလက်မျက်နှာ သန့်ရှင်း ဆေးကြော ကြပြီးနောက် ထမင်းစားဖို့ ရန် ပြင်ဆင်ကြချိန်တွင် ကြောင်အိမ်အတွင်းရှိ သူတို့ အဖို့ သီးသန့် ချန်ထားသော ထမင်းဟင်းများ ဘာမျှ မကျန်အောင် ပြောင်တလင်း ခါနေသည် နှင့် ကြုံဆုံကြရ ပါတော့သည် ။ ထိုအခါ လက်သည် ရှာမရ ဖြစ်ကာ နောက်ဆုံးတွင် ညနေတုန်းက မီးဖိုချောင်တွင် အာသာငမ်းငမ်းတက် စားသောက်နေခဲ့သော ကလေးမသာ ရှိသောကြောင့် ၎င်းကလေးမ အနေဖြင့် လေးလုံးချက် ထမင်းတစ်အိုးနှင့် အသားဟင်း တစ်အိုးကို တက်တက်စင် ပြောင်အောင် သူတစ်ဦးတည်း အပြုတ်ဖြုတ် လိုက်ခြင်းမှာ ဖြစ်နိုင်ပါ၏ လောဟု ဝေခွဲ

မရ ဖြစ်နေကြချေ၏။ ယင်းညက ဆိုင်သိမ်း ပြန်လာကြသူများမှာ ထမင်းဟင်းများ ထပ်မံ ချက်ပြုတ်ကာ ဖြစ်သလိုပင် စားသောက် လိုက်ကြရပေသည် ။

နောက်တစ်နေ့ မနက်တွင် မိသားစုဝင်များက သူတို့ လုပ်နေကျအတိုင်း ကြက်အရှင်များ ကိုင်သွယ် ခုတ်ထစ်ရန် မီးဖိုချောင်သို့ ဝင်ကြရာ၌ ကြက်ခြင်းများမှာ ပုံစံပျက်ယွင်း နေကြောင်း တွေ့ရှိကြရ၏။ ထို့ကြောင့် မီးဖိုချောင်မှ တစ်ဆင့် အနည်းငယ် ပွင့်ဟနေသော နောက်ဖေး တံခါးပေါက်မှ အိမ်အောက်ဆီသို့ လှမ်းကြည့် လိုက်လေလျှင် မြေပြင်အထက်တွင် ပြန့်ကျဲလျက် ရှိသော ကြက်မွေးကြက်တောင် များ စွာအား တွေ့ရှိကြရ ပြန်လေသည် ။ သို့သော် သူတို့ စိတ်အထင်တွင် ညက တစ်အိမ်လုံး အိပ်မောကျနေစဉ်၌ ကြောင်တစ်ကောင်ကောင် ကြက်ဝင်ဆွဲခြင်းသာ ဖြစ်နိုင်သည် ဟု အလွယ်တကူ မှတ်ယူကြပြီး လုပ်ကိုင်စရာ ရှိသည် များကို ဆက်လက် လုပ်ကိုင်ကြချေ၏။ သူတို့ အိမ်၏ ရေမြောင်းလေးမှ နေ၍ ကြက်အညစ်အကြေးများ မြောင်းကြီးအတွင်းသို့ မျောပါသွားကြသည် ။

ထိုမနက်တွင် ကလေးမအား ကျောင်းပို့ဖို့ ရန် နှိုးယူကြည့်သော် အိပ်ရာမှ မထပြန်သဖြင့် ထပ်မံ ခွင့်တိုင်လိုက်ကြပြီး ဒီအတိုင်း ထားလိုက်ကြပါသည် ။ အဆိုပါ တစ်နေ့လုံးတွင် လည်း ကလေးမသည် ပထမရက်ကဲ့သို့ပင် မနိုးတမ်း အိပ်စက်နေခဲ့ပြီး ညနေစောင်းသောအခါမှ အိပ်ရာက မျက်ထောင့်နီနီဖြင့် ထကာ မီးဖိုချောင်သို့ ဝင်သွားခဲ့၍ အတန်ကြာမှ ပြန်ထွက် လာခဲ့ပြီးနောက် သူ၏ အခန်းရှိရာ အိမ်အပေါ်ထပ်သို့ ပြန်တက်သွားခဲ့၏။ ယင်းအချိန် အိမ်သားများမှ မသင်္ကာ၍ မီးဖိုချောင်ထဲ ဝင်ကြည့်ကြလျှင် အစောပိုင်းက ချက်ပြုတ် ပြီးစီးခဲ့သော ညစာ ထမင်းဟင်းများမှာ အစအန မကျန်တော့ကြောင်း တွေ့ရှိကြရသဖြင့် တအံ့

တသြ ဖြစ်ကြရတော့သည် ။ သို့နှင့် ထိုအကြောင်းအား အိမ်သူအိမ်သား များ စုစည်း တိုင်ပင်ကြကာ အဘယ်ကြောင့် ထိုသို့ ဖြစ်ရသည် ကို နားမ လည်နိုင်အောင် ရှိနေကြလေ၏။

နောက်တစ်နေ့ မနက်တွင် လည်း အိမ်သူ အိမ်သားအချို့မှာ ကြက် အရှင်များ သတ်ဖြတ် ခုတ်ထစ်ခါနီးတွင် ခြေရာလက်ရာ ပျက်နေသော ကြက်ခြင်းများ နှင့် ကြက်အမွေးအမှ င်များအား ထပ်မံ တွေ့ရှိကြရပြန် သည် ။ ကလေးမမှာ တော့ တစ်နေ့က အတိုင်းပင် အိပ်ရာက နိုးယူမရ ဘဲ ရှိနေ၏။

ထိုအကြောင်းများကို ယင်းမိသားစုဝင် တစ်ဦးဖြစ်သည့် ကလေးမ၏ အစ်ကိုဖြစ်သူ ကျွန်တော့် သူငယ်ချင်းက နေ့လယ် လက်ဖက်ရည်ဆိုင် ထိုင်ချိန်၌ ဖွင့်ဟ ပြောပြ လာလေလျှင် ကျွန်တော်တို့ ၏ ကပ်လျက်ဝိုင်း တွင် ထိုင်လျက် ရှိသော ဆံထုံးရစ်နှင့် နှုတ်ခမ်းမွေးကားကား ရှိသည့် လူစိမ်းကြီးတစ်ဦးက ယခုညတွင် အိပ်ချင်ယောင် ဆောင်ကာ ထိုက လေးမအား မျက်ခြည်မပြတ် စောင့်ကြည့်သင့်ကြောင်း လှမ်း၍ အကြံ ပေးပြီး ထိုနေရာမှ ထွက်ခွာ သွားလေသည် ။

နေဝင်လုနီးနီး အချိန်တွင် ကလေးမသည် နိုးထလာခဲ့ပြီး ညစာ ချက် ပြုတ်ထားသော ထမင်းဟင်းများကို တစ်စက်မကျန် လှန်လှော စား သောက်ပစ် လိုက်သည် ကို အလုပ်မသွားဘဲ ကျန်ရစ်ခဲ့သော သူ၏ အစ် ကို ကျွန်တော်၏ သူငယ်ချင်းမှ မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသဖြင့် တအံ့တသြ ဖြစ်နေမိတော့၏။ ထိုအကြောင်းအား မိဘများ နှင့်တကွ တ စ်အိမ်လုံးနှင့် တိုင်ပင်ကြည့်သောအခါ ကလေးမမှာ တစ်နေကုန် ဘာမျှ မစားထားရသမျှကို ညနေကျမှ အတိုးချကာ ထစားခြင်းကြောင့် ဤသို့ ဖြစ်ရသည် ဟု သာ အလွယ်ဖြည့်တွေး ကြသောကြောင့် သူငယ်ချင်းသ

ည် သူ၏ ယူဆချက်အား မျိုးသိပ်ကာ လက်ဖက်ရည်ဆိုင်၌ ကြုံဆုံခဲ့ရသည့် သူစိမ်းလူကြီး အကြံပေးချက်အတိုင်း ညကျလျှင် မအိပ်ဘဲ ဆက်လက် စောင့်ကြည့်ရန် ဆုံးဖြတ် လိုက်လေသည် ။

ထိုနေ့ည သန်းခေါင်ကျော် တစ်အိမ်စလုံး အိပ်မောကျနေချိန်တွင် အောက်ထပ် မီးဖိုချောင်မှ ထွက်ပေါ်လာသော ကြက်သံအချို့ကြောင့် သူငယ်ချင်းသည် မှေးခနဲ အိပ်ပျော်သွားရာမှ ဆတ်ခနဲ ပြန်လည် နိုးထလာခဲ့၏။ ဘေးဘီဝဲယာ လှည့်ပတ် ကြည့်ရှု ကြည့်လိုက်တော့ အခြားအိမ်သူအိမ်သားများမှာ ကိုယ်စီ ခြင်ထောင်များ နှင့် အိပ်စက်ကြလျက် ရှိနေသည် ကို တွေ့ရှိရပြီး၊ သူ၏ မိဘများ နှင့် အတူ တစ်ခြင်ထောင်တည်း အိပ်စက်သည့် ညီမဖြစ်သူ ကလေးမသာ ကွက်ပြီး ပျောက်ရှလျက် ရှိကြောင်း ရိပ်စား သိရှိရသဖြင့် သူငယ်ချင်း တစ်ယောက် အပေါ်ထပ်မှ အောက်ထပ်ဆီသို့ ခြေသံ လုံအောင် ထိန်းကာ ဆင်းချလာခဲ့သည် ။ အောက်ထပ်မှ ခြင်ထောင်အချို့ကို ဖြတ်ကျော်ကာ သူသည် ကြက်သံအချို့ ထွက်ပေါ်၍ မှောင်မိုက်လျက် ရှိနေသော နောက်ဖေး မီးဖိုချောင်ဆီ ဦးတည် လျှောက်လှမ်း လာခဲ့လိုက်၏။

မီးဖိုချောင် အပေါက်ဝ ရောက်သော် အတွင်း၌ မှောင်နှင့်မည်းမည်း မီးမထွန်းထားဘဲ ရှိသောကြောင့် သူငယ်ချင်းသည် ထိုနေရာတွင် ခဏမျှ ရပ်တန့်ကာ တိတ်တဆိတ် ရှိနေလိုက်သည် ။ ယခုအခါ ကြက်သံ ခပ်အုပ်အုပ်သည် ပျောက်ကွယ်သွားပြီ ဖြစ်၍ တစ်စုံတစ်ခုသော အသံတစ်သံသာ မီးဖိုချောင် အမှောင်ထု အတွင်းမှ မသိမသာ ထွက်ပေါ်နေ၏။ ထိုအသံမှာ တစ်စုံတစ်ရာအား အငမ်းမရ ကိုက်ဖြတ် စားသုံးနေပုံ ရသော သတ္တဝါ တစ်ကောင်ကောင်၏ ပလုတ်ပလောင်း အသံမျိုး ဖြစ်ကြောင်း ရိပ်စား သိရှိ လိုက်လေလျှင် သူငယ်ချင်း၏ ကျောပြင်တစ်လျှောက် စိမ့်ခနဲ တစ်ချက် ဖြစ်သွားခဲ့ပြီး ကြက်သီးများ ပင် ထိုးထောင် ထလာခဲ့ချေသည်

။

သို့သော်လည်း သိမ်ငယ် စိုးရွံ့စိတ်ထက် စူးစမ်းလေ့လာ လိုစိတ်က သာလွန် နေပေသောကြောင့် သူငယ်ချင်းသည် မီးဖိုချောင် အတွင်းနံရံသို့ အပေါက်ဝမှ လက်ထိုးထည့်ကာ မီးခလုတ်အား အမှောင်ထုအတွင်း စမ်းသပ် ရှာဖွေနေချိန်တွင် ထောင့်တစ်နေရာက နေ၍ မိမိအား စူးစူးကြီး စိုက်ကြည့်လျက် ရှိသော နီနီရဲရဲ မျက်လုံးတစ်စုံကို ထိတ်လန့်ဖွယ်ရာ တွေ့မြင်လိုက်ရသည် နှင့် တစ်ပြိုင်နက်တည်း ကသောကမျော ထိကိုင်မိသော မီးခလုတ်ကို အလျင်အမြန် ချောက်ခနဲ နှိပ်ချလိုက်တော့၏။

ဤအခါတွင် ပိန်းပိတ်အောင် မှောင်မိုက်နေခဲ့သော နောက်ဖေး မီးဖိုချောင် အခန်းကြီးမှာ သဘော်သားမီးလုံး အရောင်အောက်၌ ရုတ်တရက် လင်းလက် သွားခဲ့ပြီးနောက် အစောပိုင်းတုန်းက မျက်လုံးနီနီအစုံ တွေ့မြင်ခဲ့ရာ အခန်းထောင့်တွင် ကြက်တစ်ကောင်ကို ပါးစပ်တွင် ခဲကာ ဆောင့်ကြောင့် ထိုင်လျက် ပြူးကျယ်လွန်းသည့် မျက်လုံးကြီးများ ဖြင့် မိမိဆီ စူးစိုက်ကြည့်နေသော ပုံပျက်ပန်းပျက် ညီမဖြစ်သူအား သူငယ်ချင်းမှ ပါးစပ် အဟောင်းသား တွေ့မြင်လိုက် ရလေသည် ။ ထိုမှ စ၍ သူငယ်ချင်း၏ ထိတ်လန့်တကြား ဟစ်အော် နှိုးယူမှုကြောင့် တစ်အိမ်စလုံး လန့်နိုးလာကြပြီး တဝူးဝူး တဝါးဝါး အော်မြည်ကာ ဟိုပြေးဒီလွှား ပြုလုပ်လျက် ရှိသော ကလေးမအား ဝိုင်းဝန်း ဖမ်းချုပ်ကြရတော့၏။ ပြီးနောက် ကလေးမအား အိမ်ရှေ့အခန်းသို့ သယ်ယူ ချီပိုးကြရာတွင် ကလေးမ၏ ခန္ဓာကိုယ်မှာ အရွယ်နှင့် မမျှအောင် အလွန်တရာ လေးပင်လျက် ရှိကြောင်း တအံ့တသြ သိရှိလိုက်ကြ ရသောကြောင့် သူတို့ စိတ်တွင် နားမလည်နိုင်အောင် ဖြစ်နေကြချေသည် ။ နောက်ဆုံး ခဲရာခဲဆစ်ဖြင့် အိမ်ရှေ့ခန်းသို့ ရောက်သောအခါတွင် ချုပ်ထိန်းရ မလွယ်ကူလွန်းလှ

သော သာမန်မဟုတ်သည့် ကလေးမကို မတတ်နိုင်သည့်အဆုံး ကြိုးများဖြင့် တုပ်နှောင်လိုက်ကြပြီး ဆေးရုံပို့ဖို့ ရန် ဆက်လက် ပြင်ဆင်ကြလေ၏။

ထိုအခါတွင် သူငယ်ချင်းသည် ထ၍ ယခုကိစ္စမှာ ဆေးရုံပို့ရမည့် ပြဿနာမျိုး မဟုတ်ဘဲ တတ်သိ နားလည်သူများ နှင့် တိုင်ပင်ကာ ပြန်လည် ကုစားရမည့် သဘာဝလွန်ဖြစ်ရပ် တစ်ခုဟု ယူဆကြောင်း သူ၏ မိသားစုအား အကျိုးသင့် အကြောင်းသင့် ရှင်းပြသည် ။ အိမ်သူအိမ်သား အချို့ကလည်း အစောတုန်းက ကိုယ်တိုင်ကိုယ်ကျ ခဲယဉ်းစွာဖြင့် ဝိုင်းဝန်း ထိန်းချုပ်ခဲ့ကြရသော ကလေးမ၏ ပုံမှန်မဟုတ်သော ခွန်အားနှင့် အလေးချိန်တို့ အား မျက်မြင်ဒိဋ္ဌ ကြုံကြိုက် လိုက်ကြရပြီ ဖြစ်သောကြောင့် သူ၏ စကားအား ထောက်ခံလိုက်ကြကာ ယခုတစ်ညတွင် ဆေးရုံမပို့သေးဘဲ ဆက်လက် စောင့်ကြည့်ကြပြီး နောက်တစ်ရက်တွင် မှ ကြည့်ကြပ် စီစဉ်ကြရန် ကလေးမ၏ မိဘများကို အကြံပြုကြလေ၏။ ထို့ကြောင့် အုပ်ထိန်းသူများကလည်း ယင်းအစီအစဉ်ကို သဘောတူညီလိုက်ကြပြီး ရန်းကန် သောင်းကျန်းလျက် ရှိသော ကလေးမကို မျက်ရည် တစမ်းစမ်း ကြည့်ရင်း စိတ်တွင် ဝေခွဲမရ မသက်မသာ ဖြစ်နေကြသည် ။

သန်းခေါင်ကျော်၍ မနက် (၄) နာရီခန့် အရောက်တွင် ကလေးမသည် တောက်လျှောက် ဝုန်းဒိုင်းကြဲလျက် ရှိရာမှ ရုတ်တရက် ငြိမ်သက်ကာ အိပ်ပျော်သွားခဲ့သဖြင့် တစ်အိမ်လုံးလည်း ဤအခါကျမှ စိတ်ချလက်ချ နားနေနိုင်ကြတော့၏။ ထိုသို့ ကလေးမ အိပ်စက်ပျော်လျက် ရှိနေစဉ်အတွင်း အိမ်မှ လူများက ဆိုင်ရာ ဘာသာရေးဆရာများ သွားပင့်ကြပြီး ညနေစောင်းလောက် အရောက် ဘာသာရေးဆရာ တချို့ ကြွလာသောအခါ ကလေးမမှာ အိပ်စက်နေရာက ဖြုန်းစား ထပြီး ဆူပူ

သောင်းကျန်းလျက် ခြေဆောင့် လက်ဆောင့် ပြုလုပ်ကာ မကြားဝံ့မနာသာ ဆဲရေး တိုင်းထွာမှုများ ပြုလုပ်သည့်အပြင် ထိုဘာသာရေးဆရာများ ၏ လူမသိ သူမသိ အတွင်းရေး ကိစ္စများအား ဖော်ထုတ် ပြောဆိုလာသဖြင့် ကြာသော် ၎င်းဘာသာရေး ဆရာများမှာ ဆက်လက် မနေဝံ့ကြတော့သဖြင့် တစ်ယောက်ပြီး တစ်ယောက် ထိုနေအိမ်မှ ပြန်ပြေး ကြရလေသည် ။

ဤကဲ့သို့ဖြင့် ကလေးမ၏ အခြေအနေမှာ လူတကာ လက်လျှော့ရမလို ရှိနေခိုက်တွင် ကျွန်တော် အပါအဝင် ရပ်ကွက်ထဲမှ လူအချို့လည်း ထိုအိမ်အတွင်း၌ ရှိနေကြပါသည် ။ နေသည် အနောက်အရပ်သို့ စုံးစုံးမြုပ်ကာ လုံးလုံးပျောက်ကွယ် သွားချိန်၌ အမှောင်ထုမှာ အားကောင်းလာသလို ရှိချိန်တွင် ကလေးမ၏ ပါးစပ်မှ ဤသို့သော စကားများမှာ ကျယ်လောင်စွာဖြင့် ထွက်ပေါ်လာခဲ့၏။

"ငါ့များ ဘာမှတ်နေကြသလဲကွ၊ ဟေ။ ငါနေတဲ့ အရပ်က နင်တို့ ရပ်ကွက်နဲ့ ကပ်လျက်ရှိတဲ့ သင်္ချိုင်းဟောင်းကြီးပဲ။ ငါ သရဲဖြစ်တဲ့ သက်တမ်းကပဲ မင်းတို့ တစ်သက်လောက် ရှိလို့ မှ အဆွယ်တွေတောင် တစ်ထွာလောက် ရှည်ထွက်နေပြီ။ ဒါကိုမှ ငါ့များ မလောက်လေး မလောက်စား ဆရာတွေနဲ့ ပညာစမ်းရဲ ကြသပေ့ါလေ၊ ဟုတ်လား။ အေး... ငါဆိုတဲ့ အကောင်ကလည်း အဲဒီလို ဆရာတွေ အဟန့်အတားတွေကို သောက်ဂရုမစိုက်လို့ မှ သင်္ချိုင်းအထိ ပေါက်တဲ့ နင်တို့ ရပ်ကွက်မြောင်းက နေ့စဉ် မျောပါလာတဲ့ ကြက်အညှီအဟောက်တွေ ကြက်သွေးသွေ့ရဲ့ ရေစီးလမ်းကြောင်းအတိုင်း ဒီအိမ်အထိ လိုက်လာတာဟေ့၊ သိပလား..."

ထိုသို့သော အကြောင်းအရာများကို ကလေးမမှာ ယောကျ်ားကြီး တစ်ယောက်၏ အသံဩဩဖြင့် မပီတပီ ဟစ်အော် ပြောဆိုနေခိုက်တွင် "

ဟိတ်..." ဟူသော အသံကြီးဖြင့် အိမ်အပေါ် တက်ချလာသော လူစိမ်းကြီး တစ်ဦးကြောင့် ကျွန်တော်တို့ သည် တဒင်္ဂ မှ င်တက် သွားခဲ့ရ၏။ အဆိုပါ သူစိမ်းလူကြီးမှာ ဆံထုံးရစ်ကြီး စည်းထားပြီး နှုတ်ခမ်းမွေးကားကား ရှိကာ လည်ကတုံး အင်္ကျီအဖြူအား ဖျင်ကြမ်းတိုက်ပုံ ထပ်ဝတ်ထားပြီး ကချင်အကွက် လုံချည်စည်းလျက် ရှမ်းလွယ်အိတ် တစ်လုံးကို လွယ်ထားလေသည် ။

မှန်ပေသည် ...။ ထိုအပြင်အဆင် အသွင်သဏ္ဍာန် လက္ခဏာများ နှင့် လူစိမ်းကြီးမှာ ကျွန်တော်တို့ မနေ့က နေ့လယ်ပိုင်းအချိန် လက်ဖက်ရည်ဆိုင် ထိုင်စဉ်၌ သူငယ်ချင်း ဖြစ်သူအား သူ၏ ညီမ ကလေးမအား အိပ်ချင်ယောင် ဆောင်ကာ ညကြီးမင်းကြီး စောင့်ဖမ်းခိုင်းသည့်အကြံ ပေးခဲ့သည့် လူစိမ်းကြီးပင်တည်း။

ထိုလူကြီး အိမ်အတွင်း ရောက်သည် နှင့် တစ်ပြိုင်နက် ကလေးမထံမှ ဘာအသံမျှ ထွက်မလာတော့သည့် အပြင် ကလေးမ၏ အသားများသည် တဆတ်ဆတ်ဖြင့် တုန်လှုပ်လာခဲ့ချေ၏။ သူစိမ်းကြီးမှာ တည်ငြိမ်စွာဖြင့် ဂဏှာမငြိမ် ဖြစ်နေသော ကလေးမထံ လျှောက်လှမ်း သွားခဲ့ပြီး မနီးမဝေး နေရာတွင် ရပ်ကာ သူ၏ ရှမ်းလွယ်အိတ် အတွင်း လက်နှိုက်ထည့်၍ ပြန်ထုတ်လိုက်တော့ ဆေးလုံးအညိုကလေး သုံးလုံးသည် သူ၏ လက်ဖဝါးပြင်တွင် ကပ်ပါလာခဲ့သည် ။ လူကြီးသည် ထိုဆေးလုံးလေးများကို သူ၏ ပါးစပ်အနား တေ့ကပ်ကာ မှတ်သားဖို့ ရန် ခက်ခဲလှသော ဂါထာမန္တရားများကို ရွတ်ဖတ် သရဇ္ဈာယ်လျက် အတန်ကြာ မန်းမှုတ်ပြီးသောအခါ ကလေးမ၏ ခန္ဓာကိုယ်သို့ ယင်းဆေးလုံးများ ဖြင့် ထိမှန်အောင် ပစ်ပေါက်လိုက်တော့၏။

ယင်းသို့ ပြုလုပ်လိုက်သော အခါတွင် ကျောချမ်းဖွယ်ရာ ကောင်းလှ

သည့် အော်သံနက်ကြီး တစ်ခုနှင့်အတူ ကြီးမားလှသော အရိပ်မည်းကြီး တစ်ခုသည် ကလေးမ၏ ကိုယ်ခန္ဓာအတွင်းမှ ခွာထွက်လာကာ လျင်မြန်သော အဟုန်ဖြင့် အိမ်နောက်ဖေး မီးဖိုချောင်သို့ ရွေ့လျားသွားခဲ့ပြီး ထိုမှ တစ်ဖန် ခြံစည်းရိုးကို ကျော်ခွလျက် ရေမြောင်းရှိရာ ခုန်ဆင်း ပျောက်ကွယ် သွားလေသည် ။ ထိုအချိန်တွင် ရပ်ကွက်ထဲမှ ခွေးအူသံ ဟောင်သံများ သည် နေရာအနှံ့အပြားက ထွက်ပေါ် လာခဲ့ပြီးနောက် ခဏအကြာတွင် ပြန်လည် ငြိမ်သက်သွားခဲ့၏။

များ မကြာမီ သတိပြန်လည် လာသော ကလေးမသည် သူ၏ မိဘများအား ဖက်ကာ ရှိုက်ကြီးတငင် ငိုကြွေးလျက် ရှိပြီး၊ အိမ်သူအိမ်သား မိသားစုများကလည်း ကလေးမအား ကရုဏာသက်စွာ ဝိုင်းဝန်း နှစ်သိမ့်ပေးကြသည် ။ ကလေးမလေး အကြောက်ပြေ သွားချိန်၌ ကျွန်တော်တို့ အိမ်နီးချင်းများ နှင့် သူတို့ မိသားစုများ သည် ကလေးမ၏ ကယ်တင်ရှင် သူစိမ်းလူကြီးကို သတိရ၍ ကြည့်လိုက် ကြသောအခါ ထိုသူသည် အစအန ရှာမရတော့ဘဲ ပဟေဠိဆန်စွာ ပျောက်ဆုံး သွားချေပြီတည်း။

အထက်ပါ အဖြစ်အပျက်များအား ဖြစ်ပျက်ခဲ့ပြီးနောက် အဆိုပါ မိသားစုသည် ကြက်အရှင်များအား ကိုယ်တိုင် မှာ ယူ သတ်ဖြတ်ရသော အလုပ်အား စွန့်လွှတ်ခဲ့ပြီး၊ သတ်ဖြတ်ပြီးသား ကြက်အစိမ်းများ သာ လွှယ်လင့်တကူ မှာ ယူ လုပ်ကိုင် ကြလေတော့၏။ ယနေ့အချိန်မှာ တော့ ဖော်ပြခဲ့ပြီး ဖြစ်ရပ်အတွင်းမှ နှစ်ချို့ သရဲတစ်ကောင်၏ အပမှီခြင်း ခံရသူ ကလေးမလေးသည် အရွယ်ရောက်၍ အိမ်ထောင်လျက်သားပင် ကျကာ သူ၏ မိသားစုနှင့်အတူ ပျော်ရွှင်စွာဖြင့် ရှိနေပြီး၊ တစ်ခါက ကလေးဘဝမှာ သူ့အား လာရောက် အစွဲနှင်ပေးခဲ့သည် ဟူသော အမည်မသိ သူစိမ်းပုဂ္ဂိုလ်ကြီးအား တစ်ရံတစ်ခါ သတိရလျက် ရှိနေပေသည် ။

ဇော်မင်းအောင်